မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော
စုံစမ်းစစ်ဆေးမှုယန္တရား

# သတင်းလွှာ

အတွဲ ၁၂

အောက်တိုဘာလ ၂၀၂၄

## ယန္တရားအကြီးအကဲ၏ အမှာစာ



မြန်မာနိုင်ငံကို ပြီးခဲ့သည့်လက ဖြတ်ကျော်ဝင်ရောက်ခဲ့သည့် ရာဂီမုန်တိုင်းကြောင့် ရေဘေးသင့်ခဲ့ပြီး လူသေဆုံးမှု၊ ပျက်စီးဆုံးရှုံးမှုနှင့် နေရပ်ရွှေ့ပြောင်းခိုလှုံမှုများ အနှံ့အပြား ဖြစ်ပေါ်ခဲ့သည်။ ယင်း သဘာဝဘေးအန္တရာယ်သည် နိုင်ငံတဝှမ်းတွင် ဥပဒေမဲ့စွာကျူးလွန်နေသော စစ်ရာဇဝတ်မှုများ၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများနှင့် လက်နက်ကိုင်ပဋိပက္ခများကြောင့် ဖြစ်ပွား နေသော ပျက်စီးဆုံးရှုံးမှုများကို ထပ်လောင်း ဆိုးရွားစေသည်။ မကြာသေးမီကထုတ်ပြန်ခဲ့သည့် ယန္တရား၏ **နှစ်ပတ်လည်အစီရင်ခံစာ** နှင့် စက်တင်ဘာလ၌ **လူ့အခွင့်အရေးကောင်စီ**သို့ ကျွန်ုပ်တင် သွင်းခဲ့သည့်စာတမ်းတွင် ဖော်ပြထားသည့်အတိုင်း အဆိုပါရာဇဝတ်မှုများသည် ပိုမိုရက်စက် ကြမ်းကြုတ်လာသည်။

အရပ်သားရှိရာနေရာများကို ပစ်မှတ်ထား၍ လေကြောင်းမှတိုက်ခိုက်ခြင်း၊ ဥပဒေမဲ့အကျဉ်းချခြင်း၊ ထိန်းသိမ်းရေးစခန်းများတွင် ညှဉ်းပန်းနှိပ်စက်ခြင်း၊ လိင်နှင့် ဂျင်ဒါအခြေပြုမှု ရာဇဝတ်မှုများ ကျူးလွန်ခြင်း၊ ရွာများကို မီးရှို့ခြင်း၊ ခေါင်းဖြတ်ခြင်းများနှင့် လိင် အင်္ဂါဖြတ်တောက်ထားသော ရုပ်အလောင်းများကို လူမြင်ကွင်းတွင်ပြသခြင်းအပါအဝင် ရက်စက်ကြမ်းကြုတ်သည့် ကျူးလွန်မှုများ ဖြစ်ပွားနေသည်ဆိုသည့် သတင်းပေးပို့ချက်အသစ်များကို ယန္တရားက နေ့စဉ်နီးပါး ရရှိသည်။ အဆိုပါ ရာဇဝတ်မှုအများအပြားသည် အရပ်သားများကို အပြစ်ပေးရန်နှင့် ကြောက်လန့်စေရန် ရည်ရွယ်ပြီး ကျူးလွန်နေပုံရသည်။

ကျွန်ုပ်တို့ စုဆောင်းရရှိထားသော အချက်အလက်အများစုမှာ မြန်မာလုံခြုံရေးတပ်ဖွဲ့များက ကျူးလွန်သည့် ရာဇဝတ်မှုများနှင့် သက်ဆိုင်သည်။ သို့သော် မြန်မာစစ်တပ်ကို တိုက်နေသည့် လက်နက်ကိုင်အဖွဲ့များသည်လည်း မြန်မာစစ်တပ်ထံ သတင်းပေးသူများ သို့မဟုတ် ပူးပေါင်းသူများဟု သံသယရှိသည့် အရပ်သားများကို ကွပ်မျက်ခြင်းကဲ့သို့သော ရာဇဝတ်မှုများကို ကျူးလွန်နေကြောင်း ခိုင်မာသည့်အထောက်အထားများ စုဆောင်းရရှိထားသည်။ မည်သည့် နိုင်ငံရေးအဖွဲ့အစည်းကဖြစ်စေ၊ ဘာသာဝင်ဖြစ်စေ၊ လူမျိုးစု ဝင်ဖြစ်စေ ကြီးလေးသော နိုင်ငံတကာရာဇဝတ်မှုများ ကျူးလွန်ပါက ပြစ်မှုကျူးလွန်သူအားလုံးကို ကျွန်ုပ်တို့ စုံစမ်းစစ်ဆေးမည် ဖြစ်သည်။

ရခိုင်ပြည်နယ်တွင် ရက္ခိုင့်တပ်တော်နှင့် မြန်မာစစ်တပ်တို့ကြား တိုက်ပွဲများအရှိန်မြင့်တက်နေပြီး၊ ယင်းပဋိပက္ခတွင် ပါဝင်နေသည့် လက်နက်ကိုင်အဖွဲ့များစွာက ရာဇဝတ်မှုများကျူးလွန်သည်ဆိုသော စွပ်စွဲချက်များကို ဆန်းစစ်သည့် စုံစမ်းစစ်ဆေးမှုအသစ်များကို မကြာသေးမီက စတင်ခဲ့သည်။ သတ်ဖြတ်မှု၊ ညှဉ်းပန်းနှိပ်စက်မှုနှင့် မုဒိမ်းမှုများ ကျူးလွန်သည်ဆိုသည့် ထိတ်လန့်ဖွယ်ရာ သတင်းပေးပို့ချက်များကို ကျွန်ုပ်တို့ လက်ခံရရှိထားပြီး၊ အချက်အလက်များကို စုဆောင်းစစ်ဆေးကာ အဆိုပါ ရာဇဝတ်မှုများ အတွက် တာဝန်ရှိသူများကို ရှာဖွေဖော်ထုတ်နေသည်။ ရခိုင်ပြည်နယ်အတွင်းရှိ လူမျိုးစုအားလုံး ဒုက္ခရောက်ကြသော်လည်း ရိုဟင် ဂျာများသည် ထိခိုက်မှုဒဏ်ကို ပိုပြီးခံစားရသည်။ ၎င်းတို့သည် တိုက်ရိုက်ပစ်မှတ်ထား တိုက်ခိုက်ခံရပြီး သောင်းနှင့်ချီသော ရိုဟင် ဂျာများ ၎င်းတို့၏ နေအိမ်များမှ ထွက်ပြေးခဲ့ရသည်။

၂၀၁၆ နှင့် ၂၀၁၇ ခုနှစ် ရှင်းလင်းစစ်ဆင်ရေးကာလတွင် ရိုဟင်ဂျာများအပေါ် ကျူးလွန်ခဲ့သည့် ဖြစ်ရပ်များကို လျစ်လျူရှုထား၍ မ ရပါ။ ရိုဟင်ဂျာများ သိန်းနှင့်ချီပြီး မြန်မာနိုင်ငံမှထွက်ပြေးခဲ့ရသည့် ယင်းအကြမ်းဖက်မှုဖြစ်ပွားခြင်း ခုနစ်နှစ်ပြည့်သည်ကို အောက်မေ့သည့်အနေဖြင့် **ကြေညာချက်** တစ်စောင်ကို ဩဂုတ်လတွင် ကျွန်ုပ်တို့ ထုတ်ပြန်ခဲ့သည်။ ကျူးလွန်သူများက ဆယ်စုနှစ် ပေါင်းများစွာ ပြစ်ဒဏ်ကင်းလွတ်ခွင့်ရနေခြင်းကြောင့် ရခိုင်ပြည်နယ်နှင့် အခြားနေရာများ၌ လက်ရှိအခြေအနေများ ဆက်လက် ဖြစ်ပွားနေသည်ဟု ကျွန်ုပ်တို့ သုံးသပ်ခဲ့သည်။ ရာဇဝတ်မှုကျူးလွန်ခြင်းမှ ပြစ်ဒဏ်ကင်းလွတ်ခွင့်ရသောအခါ ကျူးလွန်သူများသည် နောက်ထပ်ရာဇဝတ်မှုများကို ပိုမိုအတင့်ရဲစွာ ကျူးလွန်ကြသည်။ ဤသို့ ပြစ်ဒဏ်ကင်းလွတ်မှုများကို တိုက်ဖျက်ရန် ယန္တရားကို ဖွဲ့စည်းထားခြင်းဖြစ်သည်။ ထို့ကြောင့် ယန္တရားသည် နိုင်ငံတကာရာဇဝတ်ခုံရုံး၊ နိုင်ငံတကာတရားရုံးနှင့် အာဂျင်တီးနားတရားရုံးများ တွင် ရိုဟင်ဂျာများအပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများကို တရားစွဲဆိုရန် လုပ်ဆောင်နေသည့် တရားရေးအာဏာပိုင်များထံ အချက်အလက်နှင့် စိစစ်သုံးသပ်ချက်များ တိုးမြှင့်ပြီး မျှဝေနေသည်။

အလွန်ခက်ခဲသည့်အခြေအနေများကြားမှ ကျွန်ုပ်တို့ထံ သတင်းအချက်အလက်များ မျှဝေပေးသည့် ရဲရင့်သောပုဂ္ဂိုလ်များနှင့် အဖွဲ့ အစည်းများမပါဘဲ ပြစ်ဒဏ်ကင်းလွတ်မှုကိုတိုက်ဖျက်ရန် မဖြစ်နိုင်ပါ။ အင်တာနက်လိုင်းဖြတ်တောက်ခြင်း၊ သုံးစွဲမှုပိတ်ပင်ထားခြင်း နှင့် စောင့်ကြည့်မှုတိုးမြှင့်လာခြင်းများသည် ကျွန်ုပ်တို့နှင့် ထိတွေ့ဆက်ဆံသည့် လူပုဂ္ဂိုလ်များ၏ လုံခြုံရေးကို ပို၍အန္တရာယ်ကြီး စေသည်။ ကျွန်ုပ်တို့နှင့် ၎င်းတို့ကြား ဆက်ဆံရေးကို အတတ်နိုင်ဆုံး ဘေးကင်းစေရန်နှင့် ၎င်းတို့တွေ့ကြုံရသည့် အန္တရာယ်များ အချည်းနှီး မဖြစ်စေရန် ကျွန်ုပ်တို့ တတ်နိုင်သမျှ လုပ်ဆောင်နေသည်။ ယခု ကျွန်ုပ်တို့ထံမျှဝေထားသည့် အချက်အလက်များကို အသုံးပြု၍ အဆိုပါကြောက်မက်ဖွယ်ရာ ရာဇဝတ်မှုကျူးလွန်သူများအပေါ် တနေ့တွင် တရားစီရင်မှုများ ဆောင်ရွက်နိုင်မည်ဟု ကျွန်ုပ် ရှုမြင်ပါသည်။

**နီကိုလတ်စ်ခွန်ဂျန်**

# အဖွဲ့အစည်းဆိုင်ရာ နောက်ဆုံးသတင်း

© IIMM/Illustration by JC



မြန်မာနိုင်ငံတွင် လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့်ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှုများ ကျူးလွန်သည့် အကြိမ်ရေနှင့် ပြင်းထန်မှုသည် ဆက်လက်တိုးမြင့်လျက်ရှိသည်။ ဤအခြေအနေတွင် ယန္တရားသည် အသစ်တိုးလာသည့် ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးလျက်ရှိသလို၊ ယခင်ကဖြစ်ပွားခဲ့သည့် ရာဇဝတ်မှုများအတွက်လည်း အထောက်အထားများကို ဆက်လက်စုဆောင်းပြီး စိစစ်သုံးသပ်နေသည်။ ဆဋ္ဌမအကြိမ်မြောက် **နှစ်ပတ်လည်အစီရင်ခံစာ**တွင် အလေးပေးဖော်ပြထားသည့်အတိုင်း၊ ယန္တရားသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် စစ်တပ်ကအာဏာသိမ်းပြီးနောက်ပိုင်း ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးရာတွင် အရေးပါသည့် တိုးတက်မှုများ ရရှိခဲ့သည်။ ယင်းရာဇဝတ်မှုများတွင် ဆန္ဒပြပွဲများကို အကြမ်းဖက်နှိမ်နင်းခြင်း၊ စစ်အစိုးရ၏ ဆန့်ကျင်ဘက်ဟု ယူဆသူများကို ဥပဒေမဲ့ထောင်ချခြင်း၊ အုပ်စုဖွဲ့မုဒိမ်းကျင့်ခြင်းနှင့် အခြားသော လိင်နှင့်ဂျင်ဒါအခြေပြုရာဇဝတ်မှုများ အပါအဝင် အကျဉ်းထောင်များတွင် စနစ်တကျ ညှဉ်းပန်းနှိပ်စက်ခြင်းများ ပါဝင်သည်။ ယန္တရားသည် ရခိုင်ပြည်နယ်တွင် ဖြစ်ပွားနေသည့် မြန်မာစစ်တပ်နှင့် ရက္ခိုင့်တပ်တော်တို့ကြား ပဋိပက္ခများအတွက် စုံစမ်းစစ်ဆေးရေးလမ်းကြောင်းအသစ်တစ်ခု စတင်ထားပြီး ရိုဟင်ဂျာနှင့် ရခိုင်အရပ်သားများအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးနေသည်။

ယန္တရားသည် မြန်မာနိုင်ငံသို့ဝင်ရောက်ခွင့်မရှိသေးသလို မြေပြင်ရှိသတင်းရင်းမြစ်များနှင့် လုံခြုံစွာဆက်သွယ်ရာတွင်လည်း အခက်အခဲများရှိနေဆဲဖြစ်သည်။ ယင်းပြဿနာကိုဖြေရှင်းရန် ယန္တရားသည် နည်းလမ်းသစ်များ အသုံးပြုနေသည်။ ပွင့်လင်းရင်းမြစ်စုံစမ်းစစ်ဆေးရေး အထူးပြုအဖွဲ့သည် ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယို၊ ဂြိုလ်တုပုံရိပ်နှင့် လူမှုကွန်ရက်သတင်းများအပါအဝင် ဒစ်ဂျစ်တယ်အချက်အလက် အများအပြားကို စစ်ဆေးရန် နောက်ဆုံးပေါ်နည်းပညာကို အသုံးပြုသည်။ ယင်းအထောက်အထားများကို ထိခိုက်နစ်နာသူများနှင့် မျက်မြင်သက်သေများဆီမှ ရရှိထားသော ထွက်ဆိုချက်ပေါင်း ၄၅၀ ကျော် အပါအဝင် ရင်းမြစ် ၁၀၀၀ ကျော်မှရရှိသည့် အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေးသည်။

ယန္တရားသည် နိုင်ငံတကာရာဇဝတ်ခုံရုံး၊ နိုင်ငံတကာတရားရုံး (အိုင်စီဂျေ) နှင့် အာဂျင်တီးနားတရားရုံးရှိ ရိုဟင်ဂျာဆိုင်ရာ အမှုများဆောင်ရွက်နေသည့် တရားရေးအာဏာပိုင်များထံ အချက်အလက်များကို ယခင်ကထက် ပိုတိုးပြီး မျှဝေနေသည်။ အထောက်အထား၊ အချက်အလက်နှင့် စိစစ်သုံးသပ်မှုဆိုင်ရာ အကြောင်းအရာပေါင်း တစ်သန်းကျော် ပါဝင်သည့် ဖိုင်တွဲပေါင်း ၁၀၀ နီးပါးကို ယခုအချိန်အထိ မျှဝေပြီးဖြစ်သည်။ မြန်မာနိုင်ငံသည် ၎င်း၏ နောက်ဆုံးရေးသားတင်ပြချက်ကို အိုင်စီဂျေတွင် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ၌ တင်သွင်းမည်ဖြစ်ပြီး နှုတ်ဖြင့်ကြားနာမှုကို လာမည့်နှစ်တွင် စတင်မည်ဟု မျှော်လင့်ရသည်။

# လူ့အခွင့်အရေးကောင်စီနှင့် အထွေထွေညီလာခံ

၂၀၂၄ ခုနှစ် စက်တင်ဘာလတွင်၊ ယန္တရား၏အကြီးအကဲသည် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ ၅၇ ကြိမ် မြောက်အစည်းအဝေးတွင် ယန္တရား၏ လုပ်ငန်းတိုးတက်မှုနှင့် လုပ်ဆောင်ချက်များကို **အစီရင်ခံ**တင်ပြခဲ့သည်။ အထူးသဖြင့် အာရှ-ပစိဖိတ်ဒေသရှိ သက်သေများထံ ဝင်ရောက်တွေ့ဆုံခွင့်ရရှိရေးကို ပံ့ပိုးပေးရန် အဖွဲ့ဝင်နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှု လိုအပ်ကြောင်း အလေးပေးပြောကြားခဲ့သည်။ ဆွေးနွေးပွဲအပြီးတွင် အဖွဲ့ဝင်နိုင်ငံများနှင့် အရပ်ဘက်အဖွဲ့အစည်း အများအပြားသည် ယန္တရားအား ထောက်ခံကြောင်း ထပ်မံအတည်ပြုခဲ့ပြီး မြန်မာနိုင်ငံတွင် ကျူးလွန်သည့် ရာဇဝတ်မှုများအတွက် တာဝန်ခံမှုရရှိရေးကို တောင်းဆိုခဲ့သည်။

အဆိုပါ ၅၇ ကြိမ်မြောက် အစည်းအဝေးအတွင်း၊ ယန္တရား၏အကြီးအကဲသည် **ဂျင်ဒါထည့်သွင်းဆောင်ရွက်မှု** ဆွေးနွေးပွဲတွင် ပါဝင်ခဲ့ပြီး၊ ယန္တရား၏ စုံစမ်းစစ်ဆေးမှုကဏ္ဍအားလုံးတွင် သက်သေများအား စိတ်ပိုင်းဆိုင်ရာပံ့ပိုးပေးမှုအပါအဝင် ဂျင်ဒါရှုထောင့်ထည့်သွင်းစဉ်းစားဆောင်ရွက်ပုံများကို ရှင်းပြခဲ့သည်။ ဂျင်ဒါဆိုင်ရာ အနေအထားများကို အပြည့်အဝနားလည်ထားခြင်းအားဖြင့်၊ ယန္တရားသည် လိင်နှင့်ဂျင်ဒါအခြေပြုရာဇဝတ်မှု ကျူးလွန်ခံခဲ့ရသူများကို ပိုမိုကူညီနိုင်မည်ဖြစ်ပြီး စွမ်းအားမြှင့်တင်မှုများကို လုပ်ဆောင်နိုင်မည်ဖြစ်သည်။

ယန္တရား၏အကြီးအကဲသည် စက်တင်ဘာလတွင်လည်း ၇၉ ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆွေးနွေးပွဲတစ်ခုဖြစ်သော "တရားမျှတမှု၊ အမှန်တရားနှင့် ပြန်လည်သင့်မြတ်ရေးအတွက် လမ်းခင်းပေးခြင်း – မြန်မာနိုင်ငံရှိ ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများကြောင့် ထိခိုက်နစ်နာသူများအတွက် ရန်ပုံငွေ" ဆွေးနွေးပွဲတွင် ပါဝင်ခဲ့သည်။ ရိုဟင်ဂျာများ၏ မြေယာနှင့် ပစ္စည်းဥစ္စာများကို သိမ်းယူခြင်းနှင့် မြန်မာစစ်တပ်က ကျူးလွန်ခဲ့သော ရာဇဝတ်မှုများမှရရှိသည့် ငွေကြေးအကျိုးခံစားခွင့်များအား စုံစမ်းစစ်ဆေးနေသည့် ယန္တရား၏ ငွေကြေးဆိုင်ရာစုံစမ်းစစ်ဆေးမှုများအကြောင်း အထူးအလေးပေး ပြောဆိုခဲ့သည်။ ထို့အပြင် လျော်ကြေးပေးခြင်းဖြင့် တရားမျှတမှုရရှိရေးကို အကောင်အထည်ဖော်ရန် ပိုင်ဆိုင်မှုများချိတ်ပိတ်ခြင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ ပြစ်ဒဏ်များ ချမှတ်ရာတွင် ယန္တရား၏ တွေ့ရှိချက်များကို အသုံးပြုနိုင်ကြောင်း အကြီးအကဲက အကြံပြုခဲ့သည်။

အောက်တိုဘာလ ၂၉ ရက်နေ့တွင် ယန္တရားအကြီးအကဲသည် ယန္တရား၏ နှစ်စဉ်တိုးတက်မှုအခြေအနေများကို ကုလသမဂ္ဂအထွေထွေညီလာခံ တတိယကော်မတီသို့ တင်ပြမည်ဖြစ်သည်။ နယူးယောက်တွင်ရှိနေစဉ်၊ အကြီးအကဲသည် အဖွဲ့ဝင်နိုင်ငံများ၊ ကြားခံဆောင်ရွက်ပေးသူများနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ပြီး၊ ယန္တရား၏လုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်စေရန်အတွက် ပံ့ပိုးကူညီမှုနှင့် အရင်းအမြစ်များ ထပ်မံရှာဖွေမည်ဖြစ်သည်။


UN Human Rights Council © UN

**၁၀၀၀**

ရင်းမြစ်ပေါင်း ၁၀၀၀ ကျော်ထံမှ အချက်အလက်များ စုဆောင်းရရှိခဲ့သည်။

**၄၅၀**

ထိခိုက်နစ်နာသူများနှင့် မျက်မြင်သက်သေများ၏ ထွက်ဆိုချက်ပေါင်း ၄၅၀ ကို စုဆောင်းခဲ့သည်။

**၁၀၀**

အချက်အလက်နှင့် စိစစ်သုံးသပ်ချက် ဖိုင်တွဲပေါင်း ၁၀၀ နီးပါး မျှဝေထားသည်။

၂၀၂၄ ခုနှစ် အောက်တိုဘာလ အထိ

## မျိုးပွားခြင်းဆိုင်ရာအကြမ်းဖက်မှု

ယန္တရားသည် မျိုးပွားခြင်းဆိုင်ရာအကြမ်းဖက်မှု အပါအဝင် လိင်နှင့် ဂျင်ဒါအခြေပြု ရာဇဝတ်မှုများကို ဦးစားပေးကာ စုံစမ်းစစ်ဆေးနေသည်။ မျိုးပွားခြင်းဆိုင်ရာအကြမ်းဖက်မှုသည် ဖြစ်လေ့ဖြစ်ထရှိသော်လည်း မကြာခဏ လျစ်လျူရှုခံရသည့် လိင်ပိုင်းဆိုင်ရာ ရာဇဝတ်မှု အမျိုးအစားတစ်ခု ဖြစ်သည်။ မျိုးပွားခြင်းဆိုင်ရာအကြမ်းဖက်မှုဆိုသည်မှာ မျိုးပွားခြင်းနှင့်ပတ်သက်ပြီး ဆုံးဖြတ်ချက်ချရန် သို့မဟုတ် တစ်ခုခုဆောင်ရွက်ရန် လူတစ်ဦး၏လုပ်ပိုင်ခွင့်ကို ထိခိုက်စေသည့် လုပ်ရပ်များ သို့မဟုတ် ပျက်ကွက်မှုများကို ရည်ညွှန်းသည်။ မျိုးပွားခြင်းဆိုင်ရာ အကြမ်းဖက်မှုသည် လူများ၏ အမှန်တကယ် သို့မဟုတ် ထင်မြင်ယူဆထားသည့် မျိုးပွားနိုင်မှုစွမ်းရည်ကို ပစ်မှတ်ထားသော အကြမ်းဖက်မှုကိုလည်း ရည်ညွှန်းနိုင်သည်။ ထို့ပြင် အဓမ္မကိုယ်ဝန်ဆောင်ခိုင်းခြင်း၊ အဓမ္မကိုယ်ဝန်ဖျက်ချခိုင်းခြင်း၊ သားကြောဖြတ်ခြင်း၊ မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများကို တိုက်ခိုက်ခြင်းနှင့် မီးဖွားခြင်းကိုတားဆီးရန် ရည်ရွယ်သည့် လုပ်ရပ်များ သို့မဟုတ် ပျက်ကွက်မှုများ ပါဝင်သည်။ ဤလုပ်ရပ်များသည် စစ်ရာဇဝတ်မှုများ၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ သို့မဟုတ် လူမျိုးပြုန်းစေမှုအဖြစ် သတ်မှတ်နိုင်ပြီး အသက်အရွယ်မရွေး၊ ဂျင်ဒါမရွေး ထိခိုက်နိုင်သည်။

ယန္တရား၏ စုံစမ်းစစ်ဆေးသူများသည် မြန်မာနိုင်ငံတွင် သတင်းပေးပို့မှုနှင့် မှတ်တမ်းတင်မှုအားနည်းသော ဤရာဇဝတ်မှုများအတွက် အထောက်အထားများ စုဆောင်းကာ ထိခိုက်နစ်နာမှုအတိုင်းအတာကို အပြည့်အဝ နားလည်ရန် ကြိုးပမ်းနေသည်။ ဥပမာ၊ မုဒိမ်းကျင့်ခံရသူများအနေဖြင့် အန္တရာယ်များသည့် အနေအထားတွင် ကိုယ်ဝန်ဖျက်ချရခြင်း သို့မဟုတ် ပဋိပက္ခနှင့် ဆက်စပ်သော အကြမ်းဖက်မှုကြောင့် သို့မဟုတ် လုံလောက်သော အစားအစာ သို့မဟုတ် ကျန်းမာရေးစောင့်ရှောက်မှု မရှိသောကြောင့် ကိုယ်ဝန်ဆောင် အမျိုးသမီးများ ကိုယ်ဝန်ပျက်ကျခြင်း ကဲ့သို့သော အခြေအနေများလည်း ပါဝင်သည်။ မျိုးပွားခြင်းဆိုင်ရာအကြမ်းဖက်မှုများသည် အခြား ရာဇဝတ်မှုများနှင့်အတူ မကြာခဏဖြစ်ပွားတတ်သောကြောင့် စုံစမ်းစစ်ဆေးသူများသည် အဆိုပါရာဇဝတ်မှုများကို ဖော်ထုတ်ပြီး စုံစမ်းစစ်ဆေးနိုင်ရန် မှန်ကန်သောမေးခွန်းများကို မေးမြန်းရန် လိုအပ်သည်။

ယန္တရားသည် ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ် ရိုဟင်ဂျာရှင်းလင်းစစ်ဆင်ရေးကာလများတွင် ကျူးလွန်ခဲ့သည့် မုဒိမ်းမှု၊ အုပ်စုဖွဲ့မုဒိမ်းမှု၊ မျိုးပွားအင်္ဂါများဖြတ်တောက်မှုနှင့် ပြင်းထန်စွာဒဏ်ရာရစေမှုများကို မှတ်တမ်းတင်ထားသည်။ ယင်းရာဇဝတ်မှုများသည် ကိုယ်ဝန်ဆောင်ခြင်း၊ မီးဖွားခြင်း သို့မဟုတ် နောင်အနာဂတ်တွင် ထိခိုက်နစ်နာသူ၏ ကလေးရယူနိုင်မှုအပေါ် သက်ရောက်မှုရှိသည်။ ယန္တရားသည် စစ်တပ်အာဏာသိမ်းပြီးနောက်ပိုင်းတွင် မျိုးပွားခြင်းဆိုင်ရာ ရာဇဝတ်မှုများ ကျူးလွန်ခဲ့ကြောင်း သတင်းပေးပို့ချက်များကိုလည်း စုံစမ်းစစ်ဆေးလျက်ရှိသည်။ ယင်းတို့တွင် မျိုးဆက်ပွားခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဌာနများကို တိုက်ခိုက်ခြင်း၊ ဖမ်းဆီးချုပ်နှောင်ခြင်းနှင့် ညဥ်းပန်းနှိပ်စက်ခြင်းတို့ကြောင့် မျိုးပွားခြင်းဆိုင်ရာ ကျန်းမာရေးထိခိုက်မှုများ ပါဝင်သည်။

## ပူးပေါင်းဆောင်ရွက်ခြင်း

ပိုတိုးလာသည့်အကြမ်းဖက်မှုများကို အဆုံးသတ်စေလိုကြသည့် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် မြန်မာနိုင်ငံတွင် ဖြစ်ပွားသည့် ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများအတွက် ယန္တရား၏ တရားမျှတမှုရရှိရေးကြိုးပမ်းမှုများတွင် ပူးပေါင်းဆောင်ရွက်ရန် ဆက်လက်တောင်းဆိုပါသည်။

ယနေ့အချိန်အထိ၊ ယန္တရားသည် အဖွဲ့ဝင်နိုင်ငံများ၊ အခြားမိတ်ဖက်များနှင့် ထိတွေ့ဆက်ဆံမှုများမှတဆင့် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ် ၃၆ ခုကို ညှိနှိုင်းသဘောတူနိုင်ခဲ့သည်။ ယင်းတို့အနက် ၁၄ ခုမှာ အာရှ၊ ဥရောပ၊ ပစိဖိတ်ဒေသနှင့် မြောက်အမေရိကရှိ အဖွဲ့ဝင်နိုင်ငံများနှင့်ဖြစ်သည်။ ယင်းအစီအစဉ်များမှတဆင့် သက်သေက လက်မှတ်ထိုးအတည်ပြုထားသည့် အင်တာဗျူးထွက်ဆိုချက် ၉၅ ခု အပါအဝင် သန်းနှင့်ချီသော သက်သေခံပစ္စည်းများ စုဆောင်းနိုင်ခဲ့သည်။ ယန္တရားသည် အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးချဲ့ခြင်းကို ဦးစားပေးဆောင်ရွက်နေပြီး အထူးသဖြင့် အထောက်အထားများနှင့် သက်သေအများအပြား ရှိနေသော အာရှ-ပစိဖိတ်ဒေသရှိ နိုင်ငံများအတွက် အလေးပေးဆောင်ရွက်နေသည်။

၂၀၂၃ ခုနှစ်တွင် အဖွဲ့ဝင်နိုင်ငံအများအပြားက ၎င်းတို့ထည့်ဝင်ရမည့် ရန်ပုံငွေများကို အချိန်မီထည့်ဝင်ခြင်း မရှိသောကြောင့် ကုလသမဂ္ဂသည် နှစ်ပေါင်းများစွာအတွင်း အဆိုးရွားဆုံးဘဏ္ဍာရေး အခက်အခဲနှင့် ရင်ဆိုင်ခဲ့ရသည်။ ယင်းအကျပ်အတည်းကြောင့် ယန္တရားသည် ၂၀၂၄ ခုနှစ်အတွက် အဖွဲ့ဝင်နိုင်ငံများမှ အတည်ပြုထားသည့် ဘတ်ဂျက်ထက် သိသိသာသာ လျော့နည်းသောရန်ပုံငွေကိုသာ ရရှိခဲ့သည်။ ထို့ကြောင့် ယန္တရားသည် သီးသန့်စီမံကိန်းများနှင့် အထူးပြုကျွမ်းကျင်မှုများအတွက် ရန်ပုံငွေများကို ဆက်လက် ကြိုးစားရှာဖွေနေပြီး အဖွဲ့ဝင်နိုင်ငံများ၏ စေတနာအလျောက် ပံ့ပိုးမှုများကို အထူးကြိုဆိုပါသည်။

# လူထုဆက်ဆံရေးလုပ်ငန်း

ယန္တရား၏ လုပ်ငန်းတိုးတက်မှုများအကြောင်း တင်ပြရန်နှင့် လုပ်ပိုင်ခွင့်များကိုရှင်းပြရန်၊ ယန္တရားသည် **ဝဘ်ဆိုဒ်**၊ **ဖေ့စ်ဘုတ်စာမျက်နှာ**များမှ မျှဝေခြင်း၊ **မီဒီယာအင်တာဗျူးများနှင့်တွေ့ဆုံပွဲများ**တွင် ပါဝင်ခြင်း စသဖြင့် အမျိုးမျိုးသော နည်းလမ်းများကို အသုံးပြုသည်။

## လူထုဆက်ဆံရေးဆိုင်ရာ ထုတ်ဝေမှုအသစ်များ

### လိင်နှင့် ဂျင်ဒါအခြေပြု ရာဇဝတ်မှုများ

လိင်နှင့် ဂျင်ဒါအခြေပြု ရာဇဝတ်မှုဆိုတာ ဘာလဲ။ ယန္တရားက ယင်းရာဇဝတ်မှုများကို ဘယ်လိုစုံစမ်းစစ်ဆေးနေသလဲ။ ဤမေးခွန်းများကို နားလည်ရလွယ်ကူစေသည့်ပုံစံဖြင့် ရှင်းပြထားပြီး အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် တင်ဆက်ထားသည့် **သရုပ်ဖော်ရှင်းလင်းချက်အသစ်**ကို ဒေါင်းလုဒ် ရယူပါ။ ဤသရုပ်ဖော်ရှင်းလင်းချက်သည် ယန္တရား၏ လုပ်ငန်းများကို ရိုးရိုးရှင်းရှင်း ရုပ်ပုံများဖြင့် ရှင်းပြသည့် **သရုပ်ဖော်ရှင်းလင်းချက်များ**၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။





### ရိုဟင်ဂျာဆိုင်ရာ အမေးအဖြေ

ရိုဟင်ဂျာဘာသာစကားဖြင့် တင်ဆက်သော ဗီဒီယိုစီးရီးအသစ်တွင် ယန္တရား၏ အကြီးအကဲက ယန္တရားနှင့် ပတ်သက်သည့် မေးခွန်း ငါးခုကို ဖြေဆိုထားသည်။ မိုဘိုင်းလ်ဖုန်းများတွင် အဆင်ပြေစွာ ကြည့်ရှုနိုင်သည့် ဗီဒီယိုအတိုများကို **ဒေါင်းလုဒ်** လုပ်ပြီး မျှဝေပါ။





## အခမ်းအနားများ

ယန္တရား၏ အကြီးအကဲနှင့် ဒုတိယအကြီးအကဲတို့သည် ရိုဟင်ဂျာရှင်းလင်းစစ်ဆင်ရေးဖြစ်ပွားခဲ့ခြင်း ခုနစ်နှစ်ပြည့်သည့် အောက်မေ့ဖွယ်အခမ်းအနားများသို့ ပါဝင်တက်ရောက်ခဲ့သည်။ ယင်းအခမ်းအနားများတွင် ရိုဟင်ဂျာများအပေါ် ရာဇဝတ်မှုကျူးလွန်ခဲ့သူများ ပြစ်ဒဏ်ကင်းလွတ်နေခြင်းသံသရာကို အဆုံးသတ်နိုင်ရေးအတွက် ကြိုးပမ်းနေသော ယန္တရား၏အခန်းကဏ္ဍကို အထူးအလေးပေး ပြောကြားခဲ့သည်။



ဩဂုတ်လ ၂၆ ရက်တွင် ကျင်းပခဲ့သော Burmese Rohingya Organization UK အခမ်းအနားသို့ Nicholas Koumjian တက်ရောက်စဉ်




ဩဂုတ်လ ၂၅ ရက်နေ့တွင် ကျင်းပခဲ့သော 'အမျိုးသမီး ငြိမ်းချမ်းရေးကွန်ရက်' အခမ်းအနား သို့ Kaoru Okuizumi တက်ရောက်စဉ်

## လက်နက်များ ဘယ်ကလာသလဲဆိုတာကို ယန္တရားက စုံစမ်းစစ်ဆေးနေပါသလား။

မြန်မာနိုင်ငံတွင် ကျူးလွန်သည့် အကြီးလေးဆုံး နိုင်ငံတကာရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးခြင်း၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ယန္တရားသည် အသုံးပြုသည့် လက်နက်အမျိုးအစားနှင့် မော်ဒယ်များ၊ ဘယ်လိုအသုံးပြုခဲ့သည်၊ ဘယ်ကလာသည်ကို အသေးစိတ် စိစစ်သုံးသပ်နေသနေ။ နိုင်ငံတကာဥပဒေများတွင် တချို့သောလက်နက်များကို တားမြစ်ထားပြီး၊ အရပ်သားများ သို့မဟုတ် အရပ်သားပိုင်ပစ္စည်းများကို ထိခိုက်ပျက်စီးနိုင်ချေသည် စစ်ရေးအားသာချက်ထက် ပိုမိုကြီးမားနေပါက အဆိုပါတိုက်ခိုက်မှုကို တားမြစ်ထားသည်။

ယန္တရားသည် လက်နက်ပစ္စည်းစာရင်းများနှင့် လက်နက်ကိုင်အဖွဲ့များ၏ စွမ်းရည်များကို လေ့လာဆန်းစစ်ပြီး ၎င်းတို့ထုတ်ပြန်ကြေညာသည့် လုပ်ဆောင်ချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိ တိုက်ဆိုင်စစ်ဆေးခြင်း သို့မဟုတ် အတည်ပြုခြင်းများပြုလုပ်သည်။ ယန္တရား၏ ငွေကြေးဆိုင်ရာစုံစမ်းစစ်ဆေးရေးအဖွဲ့သည်လည်း လက်နက်များ၏ရင်းမြစ်ကို ခြေရာခံရှာဖွေသည်။ နိုင်ငံတကာရာဇဝတ်မှုများကျူးလွန်ရန် အသုံးပြုနိုင်ကြောင်းသိလျက်နှင့် လက်နက်များထောက်ပံ့သော ပုဂ္ဂိုလ်များသည်လည်း အဆိုပါ ရာဇဝတ်မှုများအတွက် တာဝန်ရှိသည်။

လက်နက်များနှင့် ယင်းတို့၏ ဇစ်မြစ်ကို သေချာဆန်းစစ်ခြင်းဖြင့်၊ ယန္တရားသည် မြန်မာနိုင်ငံရှိ ရက်စက်ကြမ်းကြုတ်သည့် ရာဇဝတ်မှုများအတွက် တာဝန်ရှိသော လူတစ်ဦးချင်းစီအပေါ် အမှုများကို ဘက်ပေါင်းစုံမှ တည်ဆောက်နိုင်သည်။ ဤဘက်စုံသုံးချဉ်းကပ်နည်းသည် လက်နက်များ၊ ကျူးလွန်သူများနှင့် သီးခြားရာဇဝတ်မှုများအကြား ချိတ်ဆက်မှုများကို ဖော်ထုတ်နိုင်သည်။

## ယန္တရား၏ စုံစမ်းစစ်ဆေးမှုများတွင် ဂျင်ဒါကို ဘယ်လိုပေါင်းစပ်ထားသလဲ။

ယန္တရားသည် မြန်မာနိုင်ငံတဝှမ်းတွင် ကျူးလွန်ခဲ့သည့် လိင်နှင့် ဂျင်ဒါအခြေပြု ရာဇဝတ်မှုများ (SGBC) နှင့် ဆက်စပ်သည့် အထောက်အထားများစွာကို စုဆောင်းထားသည်။ ယင်းတို့အနက် မုဒိမ်းမှု၊ အတင်းအဓမ္မ ဖော်ချွတ်စေမှု၊ လိင်နှင့် ကိုယ်အင်္ဂါအစိတ်အပိုင်းများကို အကြမ်းဖက်မှုနှင့် လိင် သို့မဟုတ် ဂျင်ဒါသတ်မှတ်ချက်ကြောင့် တိုက်ခိုက်ခံရမှုများ ပါဝင်သည်။ အခြားနိုင်ငံများကဲ့သို့ပင် ဤရာဇဝတ်မှုများသည် သတင်းပေးပို့မှုနည်းပါးပြီး မှတ်တမ်းတင်မှုမရှိသောကြောင့် တရားစွဲဆိုရန်ခက်ခဲသည်။ ဤအနေအထားကို ဖြေရှင်းသည့်အနေဖြင့် ယန္တရားသည် SGBC ဖြစ်ရပ်ပါဝင်သည့် အမှုတိုင်းကို ဦးစားပေးစုံစမ်းစစ်ဆေးသည်။

ယန္တရားသည် SGBC တွင် အထူးကျွမ်းကျင်သည့် စုံစမ်းစစ်ဆေးသူများ၊ လေ့လာသုံးသပ်သူများနှင့် ရှေ့နေများကို ခေါ်ယူထားသည်။ ယန္တရား၏ စုံစမ်းစစ်ဆေးမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ်ထဲတွင် ဂျင်ဒါကို ထည့်သွင်းထားပြီး၊ ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးရာတွင် SGBC နှင့် ဂျင်ဒါရှုထောင့်ကို အမြဲထည့်သွင်းစဉ်းစားသည်။ မြန်မာနိုင်ငံသည် ဖိုဝါဒကြီးစိုးသော နိုင်ငံဖြစ်ပြီး၊ ယင်းဓလေ့သည် နေ့စဉ်လူနေမှုဘဝတွင် စိမ့်ဝင်နေသည်။ စုံစမ်းစစ်ဆေးမှုများတွင် ဂျင်ဒါရှုထောင့်ကို ထည့်သွင်းခြင်းအားဖြင့် ရှင်သန်ကျန်ရစ်သူများ၏ ထိခိုက်ခံစားရမှုအပေါ်၊ ရာဇဝတ်မှုကျူးလွန်သူများကို တွန်းအားပေးသည့် အကြောင်းရင်းများအပေါ် ဂျင်ဒါ၏ သက်ရောက်မှုကို ပိုမိုနက်နဲစွာ သိမြင်နိုင်မည်ဖြစ်သည်။

ယန္တရားသည် အမျိုးသမီးအဖွဲ့အစည်းများ၊ အမျိုးသမီးခေါင်းဆောင်များ၊ LGBTQI အဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံရန် ကြိုးပမ်းနေပြီး ၎င်းတို့၏ သဘောထားများကို ယန္တရား၏ လုပ်ငန်းဆိုင်ရာနည်းလမ်းများနှင့် စုံစမ်းစစ်ဆေးမှုများတွင် ပေါင်းစပ်သည်။ ထို့အပြင် တာဝန်ခံမှုရရှိရေးလုပ်ငန်းစဉ်တွင် ၎င်းတို့၏ သဘောထားများကို ထည့်သွင်းနိုင်ရန် ပံ့ပိုးသည်။